# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
# သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
# ဝန်ထမ်းလျှောက်လွှာ ခေါ်ယူခြင်း

**၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၃ ရက်**

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ရာထူး/ လစာနှုန်း (ကျပ်) | လစ်လပ် နေရာ | အနိမ့်ဆုံး ပညာအရည် အချင်း | |
|---|---|---|---|---|
| (က) | နည်းပြ/ သရုပ်ပြ (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၅) နေရာ | သိပ္ပံဘွဲ့(သစ်တော) | B.Sc (Forestry) |
| | | | မဟာဝိဇ္ဇာဘွဲ့/ မဟာသိပ္ပံဘွဲ့ (သို့မဟုတ်) ဝိဇ္ဇာ/ သိပ္ပံ (ဂုဏ်ထူးတန်း) | မြန်မာစာ/ အင်္ဂလိပ်စာ/ ဓာတုဗေဒ/ ဘူမိဗေဒ |
| (ခ) | ရုံးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၁) နေရာ | အခြေခံပညာ အထက်တန်းအဆင့် ဖြစ်ရမည်။ | |
| (ဂ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၂) နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ဖြစ်ရမည်။ | |
| (ဃ) | အစောင့် (၁၄၄၀၀၀-၂၀၀၀-၁၅၄၀၀၀) | (၂) နေရာ | အခြေခံပညာ အလယ်တန်းအဆင့် ဖြစ်ရမည်။ | |

၂။ လျှောက်ထားသူများသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊

(ခ) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်၊

(ဂ) ရာထူးအမျိုးအစား တစ်မျိုးတည်းကိုသာ ရွေးချယ်လျှောက်ထားရမည်၊

(ဃ) နည်းပြ/ သရုပ်ပြ ရာထူးနေရာများအတွက် ၃၁-၇-၂၀၂၃ ရက်နေ့တွင် အသက် (၁၈) နှစ်ပြည့်ပြီး အသက် (၃၀) နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊ နိုင်ငံ့ဝန်ထမ်း ဖြစ်ပါက အသက် (၃၅) နှစ်၊ မဟာဘွဲ့ရရှိပြီးသူဖြစ်ပါက အသက် (၃၅) နှစ် မကျော်လွန်သူ ဖြစ်ရမည်၊

(င) ရုံးအကူ၊ သန့်ရှင်းရေးအကူနှင့် အစောင့် ရာထူးနေရာများအတွက် ပညာအရည်အချင်းနှင့် အတွေ့အကြုံပေါ် မူတည်၍ အသက်ကန့်သတ်ချက်ကို လျှော့ပေါ့စဉ်းစားမည်၊

(စ) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်၊

(ဆ) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း (Dismissal)၊ ရာထူးမှ ထုတ်ပယ်ခြင်း (Removal) ခံရသူများ လျှောက်ထားခွင့်မရှိပါ၊

(ဇ) ရွေးချယ်ခန့်ထားခြင်းခံရပါက တက္ကသိုလ်တွင် အနည်းဆုံး လုပ်သက် တစ်ဆက်တည်း (၃) နှစ် တာဝန်ထမ်းဆောင်ရန် ဝန်ခံကတိပြု လက်မှတ်ရေး ထိုးရမည်၊

၃။ လျှောက်လွှာပုံစံများကို သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ စီမံခန့်ခွဲရေး ဌာနတွင်လည်းကောင်း၊ ဝန်ကြီးဌာန Website (www.monrec.gov.mm) တွင်လည်းကောင်း ရယူပြီး အောက်ပါအထောက်အထားများ ပူးတွဲလျက် ပါမောက္ခချုပ်ရုံး၊ သစ်တောနှင့်ပတ်ဝန်းကျင် ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ လိပ်မူ၍ လူကိုယ်တိုင် သို့မဟုတ် အမြန်ချောပို့ သို့မဟုတ် uof.yezin@googlemail.com သို့ (၂၅-၉-၂၀၂၃) ရက်နေ့ ရုံးချိန်အရောက် နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်-

(က) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ (စာမေးပွဲဖြေဆိုခွင့် ကတ်ပြား ထုတ်ယူသည့် အချိန် တွင် မူရင်း တင်ပြနိုင်ရမည်။)၊

(ခ) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/ ၆) မိတ္တူ (စာမေးပွဲဖြေဆိုခွင့် ကတ်ပြား ထုတ်ယူသည့် အချိန်တွင် မူရင်း တင်ပြနိုင်ရမည်။)၊

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်မိတ္တူ (စာမေးပွဲဖြေဆိုခွင့် ကတ်ပြား ထုတ်ယူသည့် အချိန်တွင် မူရင်း တင်ပြနိုင်ရမည်။)၊

(ဃ) နည်းပြ/ သရုပ်ပြ ရာထူးနေရာများအတွက် ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ် ဝင်တန်း အောင်လက်မှတ် မိတ္တူ (စာမေးပွဲဖြေဆိုခွင့် ကတ်ပြား ထုတ်ယူသည့် အချိန်တွင် မူရင်း တင်ပြနိုင်ရမည်။)၊

(င) ရုံးအကူ ရာထူးနေရာအတွက် တက္ကသိုလ်ဝင်တန်း အောင်လက်မှတ် မိတ္တူ သို့မဟုတ် အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာ ကျောင်း၏ ထောက်ခံချက်မိတ္တူ (လူတွေ့စစ်ဆေးသည့်အချိန်တွင် မူရင်းတင်ပြနိုင်ရမည်။)၊

(စ) သန့်ရှင်းရေးအကူနှင့် အစောင့် ရာထူးနေရာများအတွက် တက္ကသိုလ်ဝင်တန်း အောင် လက်မှတ် မိတ္တူ သို့မဟုတ် အခြေခံပညာ မူလတန်းအဆင့် အောင်မြင်ပြီးကြောင်း သက်ဆိုင်ရာ ကျောင်း၏ ထောက်ခံချက်မိတ္တူ (လူတွေ့စစ်ဆေးသည့်အချိန်တွင် မူရင်း တင်ပြနိုင်ရမည်။)၊

(ဆ) လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း ရိုက်ကူးထားသော ၁ လက်မခွဲ၊ ၂ လက်မ အရွယ် နောက်ခံ အပြာရောင် လိုင်စင်ဓာတ်ပုံ (၃) ပုံ (ဓာတ်ပုံနောက်ကျော တွင် အမည် နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးသားရန်)၊

(ဇ) အစိုးရဌာန တစ်ခုခု၏ ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်း အကြီးအမှူး၏ ခွင့်ပြုချက်မူရင်း၊

(ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း သက်ဆိုင်ရာ ရဲစခန်း၏ ပြစ်မှု/ မှုခင်းကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(ည) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် လျှောက်လွှာပိတ်ရက်မတိုင်မီ (၁) လအတွင်း သက်ဆိုင်ရာ ရပ်ကွက်/ အုပ်ချုပ်ရေးမှူးရုံး၏ စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက်မူရင်း၊

(ဋ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် (၁) လအတွင်း ပြုလုပ်ထားသော ကျန်းမာရေး ကောင်းမွန်ကြောင်း ဆေးထောက်ခံစာ။

၄။ နည်းပြ/ သရုပ်ပြ ရာထူးနေရာများအတွက် လျှောက်ထားသူများသည် မြန်မာစာ၊ အထွေထွေ ဗဟုသုတနှင့် အင်္ဂလိပ်စာဘာသာရပ် (၃) ခုကို ဘာသာရပ်တစ်ခုလျှင် (၂) နာရီ မေးခွန်းလွှာများ ဖြေဆိုခြင်း၊ ကွန်ပျူတာအရည်အချင်းစစ်ဆေးခြင်း ပြုလုပ်ပြီး အောင်မြင်သူများကိုသာ လူတွေ့ စစ်ဆေးမှု ပြုလုပ်မည်ဖြစ်ပါသည်။

၅။ ရုံးအကူ၊ သန့်ရှင်းရေးအကူနှင့် အစောင့် ရာထူးနေရာများအတွက် လူတွေ့စစ်ဆေးခြင်း ပြုလုပ်မည်ဖြစ်ပါသည်။

၆။ လျှောက်ထားသော ရာထူးနေရာများအလိုက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံနံပါတ်၊ ရေးဖြေ/ လူတွေ့/ ကွန်ပျူတာကျွမ်းကျင်မှု စစ်ဆေးမည့် နေ့ရက်၊ အချိန်၊ နေရာ၊ ရေးဖြေ အောင်မြင်သူစာရင်း၊ လူတွေ့အောင်မြင်သူစာရင်းတို့အား သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန Website (www.monrec.gov.mm)၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ရေဆင်း၏ ကြော်ငြာသင်ပုန်းတွင် ကြေညာပေးထားမည်ဖြစ်သည်။

၇။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျသော လျှောက်လွှာများ၊ မှားယွင်းဖြည့်သွင်းထားသော လျှောက်လွှာများအား ပယ်ဖျက်မည်ဖြစ်ပါသည်။

၈။ လျှောက်လွှာတွင် ဖော်ပြချက်များနှင့် အထောက်အထားစာရွက်စာတမ်းများသည် မှန်ကန်မှု မရှိကြောင်း စစ်ဆေးတွေ့ရှိရပါက ရာထူးခန့်အပ်ပြီးစေကာမူ ထုတ်ပယ်ခြင်းခံရမည်။

၉။ အခြားစုံစမ်းမေးမြန်းလိုပါက သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း၊ စီမံ ခန့်ခွဲရေးဌာန၊ ရုံးဖုန်း ၀၆၇ ၃ ၄၁၆၆၈၁ ၊ ၀၆၇ ၃ ၄၁၆၅၂၀၊ အီးမေးလ် uof.yezin@googlemail.com သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**
**သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း**

**ဝန်ထမ်းလျှောက်လွှာပုံစံ**

| ဓာတ်ပုံ<br><br>(၁ လက်မခွဲ၊ ၂ လက်မ အပြာရောင် နောက်ခံ ရောင်စုံ လိုင်စင်ဓာတ်ပုံ) |
|---|

သို့

ပါမောက္ခချုပ်
သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း

ရက်စွဲ။ ၂၀၂၃ ခုနှစ်၊ လ၊ ရက်

၁။ လျှောက်ထားသူ-

(က) အမည် -
(ခ) ဖြေဆိုမည့်ရာထူး -
(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
(ဃ) မွေးသက္ကရာဇ် (ရက်/ လ/ နှစ်)/ အသက် -
(င) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ -
(စ) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ် -
(ဆ) အုပ်ထိန်းသူ-
(၁)ဖခင်အမည် -
(၂) ဖခင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
(၃)ဖခင် အလုပ်အကိုင် -
(၄)မိခင်အမည် -
(၅)မိခင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -
(၆)မိခင် အလုပ်အကိုင် -
(ဇ) လက်ရှိအလုပ်အကိုင် (လျှောက်ထားသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက)
(၁)ဌာန -
(၂) ရာထူး -
(၃)လစာနှုန်း -
(ဈ) နိုင်ငံ့ဝန်ထမ်းမဟုတ်လျှင် အလုပ်သမား
မှတ်ပုံတင်အမှတ် -
(ည) အိမ်ထောင် ရှိ/ မရှိ/ အိမ်ထောင်ရှင်အမည်/ -
အလုပ်အကိုင် -

(ဋ) ဆက်သွယ်ရန် နေရပ်လိပ်စာနှင့် တယ်လီဖုန်း -
နံပါတ် -
(ဌ) အမြဲတမ်းနေရပ်လိပ်စာ (အပြည့်အစုံ) -

၂။ အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ကြောင်းနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် ဝန်ထမ်းအဖြစ် ရွေးချယ်ခန့်အပ်ခြင်း ခံရပါက အနည်းဆုံး (၃) နှစ်တာဝန် ထမ်းဆောင်မည်ဟု ဝန်ခံကတိပြုပါသည်။

**လျှောက်ထားသူ**

လက်မှတ် -
အမည် -
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် -